Local News

# Lenovo ရဲ့ ဘန်ကောက်အခမဲ့ခရီးစဉ် ကံထူးရှင်




ဩဂုတ်လ ၁၉ ရက်ကနေ ၃၁ ရက်နေ့အထိ Lenovo product တွေကို ဝယ်ယူအားပေးခဲ့သူတွေအတွက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ကို ၅ ညအိပ် ၆ ရက် အလည်အပတ်ခရီးစဉ် ကံထူးရှင်ရွေးချယ်ပွဲကို Traders hotel မှာ စက်တင်ဘာလ ၂၀ ရက်နေ့က ပြုလုပ်ခဲ့ပါတယ်။ အခမ်းအနားမှာ KMD Computer Group ရဲ့ Director ဒေါ်သင်းသင်းစိုးက နှုတ်ခွန်းဆက် အမှာစကားပြောကြားခဲ့ပါတယ်။ ဘန်ကောက်အခမဲ့ခရီးစဉ်အတွက် ကံထူးရှင် ၂ ဦးကတော့ ဦးအောင်မျိုးမင်းနဲ့ မဖြူဖြူသန်းတို့ဖြစ်ကြောင်း သိရပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း – ၂၄၅၁၈၀၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

# Amazon နဲ့ eBay site ကနေ ဈေးဝယ်နိုင်ပြီ




Amazon နဲ့ eBay website တွေမှာ online ဈေးဝယ် card တွေရှိဖို့မလိုဘဲ ရန်ကုန်မြို့ကနေ ဝယ်ယူနိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။ ဒီလို ဈေးဝယ်နိုင်ဖို့ IT City ကုမ္ပဏီကနေ အခကြေးငွေယူကာ ဝန်ဆောင်မှုပေးနေတာ ဖြစ်တယ်လို့ သိရပါတယ်။

အဲဒီ site တွေကနေ နည်းပညာပစ္စည်းတွေကို ဝယ်ယူရင် online ပေါ်မှာ သတ်မှတ်ထားတဲ့ ဈေးနှုန်းအပြင် ပစ္စည်းတန်ဖိုးအလိုက် ဝန်ဆောင်ခပေးရမှာဖြစ်ပြီး ပစ္စည်းမှာတဲ့သူတွေအနေနဲ့ မှာတဲ့နေ့ကနေစလို့ တစ်ပတ်အတွင်း ကိုယ်ဝယ်တဲ့ပစ္စည်းတွေကို ရရှိနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

# မြန်မာ fashion designer များရဲ့ website




အောက်တိုဘာလ ၁ ရက်နေ့တုန်းက ပြည်တွင်း fashion designer တွေရဲ့ fashion design တွေကို ကြည့်ရှုနိုင်မယ့် website ဖြစ်တဲ့ www.mfdesignergroup.com ကို စတင် လွှင့်တင်ခဲ့တယ်လို့ သိရပါတယ်။ အဲဒီ website ကို တာဝန်ယူရေးဆွဲပေးခဲ့တာကတော့ Myanmar Web Studio ဖြစ်တယ်လို့ သိရပြီး အဲဒီ site မှာ မြန်မာ fashion designer တွေရဲ့ ဖန်တီးမှု လက်ရာတွေကို အချိန်နဲ့တပြေးညီ ကြည့်ရှုနိုင်မယ်လို့ သိရပါတယ်။

# Lenovo ရဲ့ Country road show

Lenovo notebook ၊ netbook ၊ desktop ၊ all in one PC တွေကို မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ Lenovo ကိုယ်စားလှယ်ဆိုင်တွေမှာ အထူးအစီအစဉ်တွေနဲ့ ရောင်းချတဲ့ Lenovo country road show ကို စက်တင်ဘာလ ၂၆ ရက်နေ့ကနေ အောက်တိုဘာ ၉ ရက်နေ့အထိ ပြုလုပ်ခဲ့ပါတယ်။ Country road show ကာလအတွင်း အမှတ်တရ လက်ဆောင်ပစ္စည်း အများအပြား နဲ့ phone လိုင်းပါဝင်တဲ့ GSM SIM card ၃ ခုကိုလည်း ကံစမ်းမဲဖောက်ပေးခဲ့ကြောင်းသိရပါတယ်။

Lenovo Country road show မှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ မိတ္ထီလာ၊ လားရှိုး၊ မော်လမြိုင်စတဲ့မြို့တွေ Lenovo Partner စုစုပေါင်း ၃၁ ဆိုင် ပါဝင်ရောင်း ချသွားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ အသေးစိတ်ကိုတော့ ဖုန်း – ၂၄၅၁၈၀ ၊ ၃၈၄၁၀၉ ၊ ၃၈၅၁၇၇ တို့ကို ဆက်သွယ် မေးမြန်းနိုင်ပါတယ်။

# Nikon Fans Myanmar မှ ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲ

Spectial Style Photo & Electronic နဲ့ Nikon Fans Myanmar တို့ ပူးပေါင်းပြုလုပ်တဲ့ Nikon fans Myanmar ရဲ့ မြန်မာ့ရှုခင်း ဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့က Sakura Tower မှာ ကျင်းပခဲ့ပြီး အကဲဖြတ် ဓာတ်ပုံပညာရှင်တွေနဲ့ Nikon Fans Myanmar က အလုပ်အမှုဆောင်တွေလည်း တက်ရောက်ခဲ့ပါတယ်။

ဆုရရှိတဲ့သူတွေကတော့ ဦးကျော်ကျော်ဝင်း (MPS) ၊ ဦးဇော်အောင်မင်း (နယူးအာရှ)၊ ဦးမြင့်အောင် (ITSTAR) နဲ့ ဦးပြည်စိုးထွန်းတို့ ဖြစ်ပြီးအသေးစိတ် သိချင်ရင်တော့ ဖုန်း ၂၀၀၁၈၃ ၊ ၃၉၇၆၁၇ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်တယ်ပါတယ်။

# Online ကနေ စာအုပ်မှာယူနိုင်စေမယ့် www.eshopping.com.mm




တူဒေးစာအုပ်တိုက်ထုတ် လုံးချင်းစာအုပ်တွေကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်ကစပြီး www.eshopping.com.mm ကနေ ဝယ်ယူရရှိနိုင်ပါပြီ။ စာအုပ်ဝယ်ယူသူတွေကို နိုဝင်ဘာလကုန်အထိ ပို့ဆောင်ခမယူဘဲ အိမ်တိုင်ရာရောက် ပို့ဆောင်ပေးမှာဖြစ်ပါတယ်။

www.eshopping.com.mm ရဲ့ နိုဝင်ဘာ promotion အစီအစဉ်အဖြစ် တူဒေးစာအုပ်တိုက်ထုတ် 101 serie စာအုပ်တွေ ဖြစ်တဲ့ ပြောင်းလဲခြင်းဖြင့်တိုးတက်စေ (မင်းဇထူး)၊ ခေါင်းဆောင်တိုင်းသိသင့်သော လမ်းညွှန်မှုနည်းလမ်းများ (ဦးလှမင်း)၊ စီမံခန့်ခွဲမှုကို မွမ်းမံခြင်း (ဇော်ဝင်းကြူ–ပျဉ်းမနား)၊ ကိုယ်ကျင့်တရား (ရဲမြင့်–ခွန်ဦးတီထွင်)၊ အသင်းအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု (ဒေါက်တာ ခင်စန်းဇော်) နဲ့ ခေါင်းဆောင်ကောင်းဖြစ်မည့် စိတ်နေသဘောထား (ဒေါက်တာရဲ) တို့ကို package အနေနဲ့ ဝယ်ယူမယ်ဆိုရင်တော့ စာအုပ်သစ်ဖြစ်တဲ့ လုပ်ငန်းခွင်ပြဿနာ အမေးနှင့်အဖြေများ စာအုပ်နဲ့ နိုဝင်ဘာလထုတ် *T-Club* မဂ္ဂဇင်းတစ်အုပ် လက်ဆောင်ပေးမှာ ဖြစ်ပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း – ၅၀၇၃၉၁ ၊ ၅၀၇၃၉၂ နဲ့ ၅၀၇၃၉၃ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■

# Myanmar ICT Award 2011 အတွက် Educational Project ပြိုင်ပွဲ

မြန်မာနိုင်ငံ computer အသင်းချုပ်က ကျင်းပပြုလုပ်တဲ့ Myanmar ICT Award 2011 အတွက် educational project competition ကို ဆရာ၊ ဆရာမအဆင့် ပြိုင်ပွဲဝင် ၅၆ ဦး၊ အထက်တန်းအဆင့် ၁၃ ဦး၊ အလယ်တန်းအဆင့် ၅၆ ဦးနဲ့ မူလတန်းအဆင့် ၂၀ ဦး၊ စုစုပေါင်း ၁၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဆုရွေးချယ်ရေးအဖွဲ့ တာဝန်ရှိသူတွေက ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ စိစစ်ရွေးချယ်မှု ပြုလုပ်ခဲ့ရာ ဆရာအဆင့်မှ ၈ ဦး၊ အထက်တန်းအဆင့် ၄ ဦး၊ အလယ်တန်းအဆင့် ၆ ဦးနဲ့ မူလတန်းအဆင့် ၄ ဦးတို့ကို စိစစ်ရွေးချယ်ခဲ့ပါတယ်။ ရွေးချယ်ခြင်းခံရတဲ့ project တွေကို အောက်တိုဘာလ ၁၅ ရက်နေ့မှာ အပြီးသတ် စိစစ်ရွေးချယ်ခဲ့တယ်လို့ သိရပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း ၆၅၂၃၀၇ ကို ဆက်သွယ်စုံစမ်းနိုင်ပါတယ်။ ■